# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ



## ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# သန်းခေါင်စာရင်းရလဒ်များကို ထုတ်ပြန်ခြင်း

## ရှမ်းပြည်နယ် (တောင်ပိုင်း)၏

## အဓိကအချက်အလက်များ



United Nations Population Fund

# နောက်ခံအကြောင်းအရာများ

# သန်းခေါင်စာရင်းအဓိပ္ပာယ်

- လူဦးရေသန်းခေါင်စာရင်းဆိုသည်မှာ သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း နိုင်ငံတစ်ခု (သို့မဟုတ်) သတ်မှတ်ထားသော နယ်နိမိတ်တစ်ခုအတွင်းရှိ လူအားလုံး၏ လူဦးရေ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အချက်အလက်များကို စာရင်းကောက်ယူခြင်း၊ စုစည်းခြင်း၊ လေ့လာသုံးသပ်အကဲဖြတ်ခြင်း၊ ဆန်းစစ်လေ့လာခြင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

(ကုလသမဂ္ဂ၏အဓိပ္ပာယ်ဖွင့်ဆိုချက်-၂၀၀၉ ခုနှစ်)

# သန်းခေါင်စာရင်း ရည်ရွယ်ချက်

- မြန်မာနိုင်ငံတွင်းနေထိုင်သူများ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို database တည်ဆောက်၍သိမ်းဆည်းထား နိုင်ရန်၊
- နောက်ဆုံးအခြေအနေတွင်တည်ရှိသည့်လူဦးရေကို အသက်အရွယ်နှင့် ကျား/မ အလိုက်ရရှိနိုင်စေရန်၊
- ဒေသအလိုက်လူဦးရေပျံ့နှံ့မှုကို လူဦးရေဆိုင်ရာနှင့်လူမှုစီးပွားရေး ဆိုင်ရာအချက်အလက်များ အလိုက်ရရှိနိုင်စေရန်၊
- အသေးငယ်ဆုံးဧရိယာနယ်နိမိတ်များ (ဥပမာ - ရပ်ကွက်/ကျေးရွာအုပ်စု) အတွက် ဒေသဆိုင်ရာစီမံကိန်းများရေးဆွဲရန် လိုအပ်သောအချက် အလက်များကိုသန်းခေါင်စာရင်းကသာလျှင်ထောက်ပံ့ပေးနိုင်ခြင်း၊

# သန်းခေါင်စာရင်းအချက်အလက်များကိုအသုံးပြုသည့်ဥပမာများ

- စီးပွားရေးနှင့် လူမှုရေးစီမံကိန်း
- ပညာရေးစီမံကိန်း
- ကျန်းမာရေးစောင့်ရှောက်မှု စီမံကိန်း
- အခြေခံကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး
- အိမ်ရာဖွံ့ဖြိုးမှုဆိုင်ရာအခြေအနေ
- သောက်သုံးရေနှင့် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးဝေမှုစသည်ဖြင့်
- အရေးပေါ်နှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံကိန်းများ
- ပုဂ္ဂလိကကဏ္ဍနှင့် လူတစ်ဦးချင်းစီ၏ စီးပွားရေးကဏ္ဍများ
- အုပ်ချုပ်ရေးကဏ္ဍများ
- အနာဂတ်လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာလိုအပ်ချက်များခန့်မှန်းတွက်ချက်ခြင်း

မှတ်ချက် - ၁၉၈၃ ခုနှစ်မှစ၍ နှစ်ပေါင်း (၃၀) ကျော် သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့ပါ။

# သန်းခေါင်စာရင်းလုပ်ငန်းစဉ်

(က) ကြိုတင်ပြင်ဆင်ခြင်း (၂-၅-၂၀၁၁ မှ ၂၉-၃-၂၀၁၄)

(ခ) စာရင်းကောက်ယူခြင်း (၃၀-၃-၂၀၁၄ မှ ၁၅-၅-၂၀၁၄)

(ဂ) စာရင်းပြုစုခြင်း (၁-၆-၂၀၁၄ မှ ၃၁-၁၂-၂၀၁၄)

(ဃ) ဆန်းစစ်ခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်း

ဆန်းစစ်ခြင်း (၂၀၁၄ ခုနှစ်၊ ဇူလိုင်လ မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ)

အစီရင်ခံစာထုတ်ပြန်ခြင်း (၂၀၁၄ ခုနှစ်၊ ဩဂုတ်လ မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ)

# သန်းခေါင်စာရင်းကောက်ယူခဲ့သော အချက်အလက်များ

# ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခဲ့သောအချက်အလက်များ

- အသက်
- ကျား/မ
- အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံ
- အိမ်ထောင်ရေးအခြေအနေ
- ကိုးကွယ်သည့်ဘာသာ
- လူမျိုး
- မသန်စွမ်းမှုအခြေအနေ (အမြင်၊ အကြား၊ လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ်ရာတွင်၊ သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်း)
- ကိုင်ဆောင်သည့်လက်မှတ်

# ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခဲ့သောအချက်အလက်များ (အဆက်)

- **ရွှေ့ပြောင်းသွားလာခြင်းအကြောင်းအရာ**
  - မွေးဖွားရာဇာတိ
  - နေမြဲအရပ်
  - နေမြဲအရပ်တွင်နေထိုင်သည့်ကာလ
  - နေမြဲအရပ်သို့ပြောင်းရွှေ့ရသည့်အကြောင်းအရင်း
  - နေမြဲအရပ်သို့ပြောင်းမလာခင်နောက်ဆုံးနေခဲ့သည့်ဒေသ
  - အိမ်ထောင်စုသားများထဲမှနိုင်ငံခြားသို့ရောက်ရှိနေသူအရေအတွက် (ကျား/မ၊ ပြည့်ပြီးအသက်၊ မြန်မာနိုင်ငံမှထွက်ခွာသွားသည့်ခုနှစ်၊ ရောက်ရှိနေထိုင်သည့်နိုင်ငံ)

# ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခဲ့သောအချက်အလက်များ (အဆက်)

- **ပညာရေးအကြောင်းအရာ (အသက် ၅ နှစ်နှင့်အထက်)**
  - ဘာသာတစ်ခုခုဖြင့် ရေးတတ်၊ ဖတ်တတ်ပါသလား
  - ကျောင်းတက်ရောက်မှုအခြေအနေ
  - အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်း

- **လုပ်သားအင်အားအကြောင်းအရာ (အသက် ၁၀ နှစ်နှင့်အထက်)**
  - လွန်ခဲ့သော (၁၂) လအတွင်း လုပ်ကိုင်ခဲ့သည့် အလုပ်အကိုင်အမျိုးအစား
  - အလုပ်အကိုင်
  - လုပ်ငန်း

# ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခဲ့သောအချက်အလက်များ (အဆက်)

- **မွေးဖွားမှုနှင့် သေဆုံးမှု**
  - အရှင်မွေးကလေးအရေအတွက်
  - နောက်ဆုံးအရှင်မွေးကလေးအကြောင်းအရာ
  - အိမ်ထောင်စုသားများမှသေဆုံးသူအရေအတွက် (လွန်ခဲ့သော ၁၂ လအတွင်း)

- **အိမ်အကြောင်းအရာ**
  - နေအိမ်အမျိုးအစား
  - အိမ်ပိုင်ဆိုင်မှုအမျိုးအစား
  - **အလင်းရောင်၊ သောက်ရေ၊ သုံးရေ**တို့အတွက် အဓိကအသုံးပြုသည့်ရင်းမြစ်
  - အစားအစာချက်ပြုတ်စားသောက်ရန်အတွက်အဓိကအသုံးပြုသည့်လောင်စာ၊ အိမ်သာအမျိုးအစား
  - နေအိမ်အဆောက်အအုံအတွက် အဓိကအသုံးပြုသည့်ပစ္စည်းများ (**အမိုး၊ အကာ၊ အခင်း**)

# ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခဲ့သောအချက်အလက်များ (အဆက်)

- **အိမ်အသုံးအဆောင်ပစ္စည်းများ**
  - ဆက်သွယ်ရေးပစ္စည်းများသုံးစွဲနိုင်မှု (ရေဒီယို၊ ရုပ်မြင်သံကြား၊ ကြိုးဖုန်း၊ လက်ကိုင်ဖုန်း၊ ကွန်ပျူတာ၊ အိမ်တွင်အင်တာနက် တပ်ဆင်ထားခြင်း)
  - သယ်ယူပို့ဆောင်ရေးပစ္စည်းများသုံးစွဲနိုင်မှု (ကား/ထရပ်ကား၊ မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး၊ စက်ဘီး၊ (၄) ဘီးပါ ထော်လာဂျီ၊ ကနူးလှေ/သမ္ဗာန်၊ လှည်း)

# မကြာမီထုတ်ပြန်မည့် အချက်အလက်များ

**ပင်မအစီရင်ခံစာထုတ်ပြန်ရာတွင် မပါဝင်သော အကြောင်းအရာများ**

- အလုပ်အကိုင်
- လုပ်ငန်း
- လူမျိုးနှင့်
- ကိုးကွယ်သည့်ဘာသာ